ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

https://mohai.nugmyanmar.org/

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန CDM ဝန်ထမ်းများ အုပ်ချုပ်မှုကော်မတီအား ပြည်သူ့အုပ်ချုပ်ရေးဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခြင်း

**အမိန့်ကြော်ငြာစာအမှတ်(၀၁/၂၀၂၂)**

**၁၃၈၄ခုနှစ်၊တန်ခူးလပြည့်ကျော် ၉ ရက်**

**(၂၀၂၂ခုနှစ်၊ ဧပြီလ ၂၄ ရက်)**

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနသည် အကြမ်းဖက်စစ်ကောင်စီ၏ လက်အောက်တွင် တာဝန်ထမ်းဆောင်လိုခြင်းမရှိသော အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန CDM ဝန်ထမ်းများကို စုစည်း၍ CDM ဝန်ထမ်းများ၏ အရေးကိစ္စများနှင့် ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၏ မြေပြင်အုပ်ချုပ်ရေး ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် (၁၄-၁၀-၂၀၂၁) ရက်နေ့တွင် အမိန့်အမှတ်(၆/၂၀၂၁)ဖြင့် **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန CDM ဝန်ထမ်းများ အုပ်ချုပ်မှုကော်မတီ** အား ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၏ စိုးမိုးနယ်မြေများနှင့် ထိန်းချုပ်နယ်မြေများ၌ စစ်ကောင် စီ၏ လစ်လပ်သွားသော အုပ်ချုပ်ရေးယန္တရားတွင် အစားထိုးဝင်ရောက်၍ အုပ်ချုပ်ရေး၊ လုံခြုံ ရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင် ရွက်နိုင်ရန်နှင့် ပြည်နယ်ကောင်စီများ၏ ဒေသန္တရအုပ်ချုပ်ရေး လုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုး ပေးနိုင်ရန်အတွက် **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန CDM ဝန်ထမ်းများ အုပ်ချုပ်မှုကော်မတီ** အား **ပြည်သူ့အုပ်ချုပ်ရေးဦးစီးဌာန** အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်သည်။

လွင်ကိုလတ်

ပြည်ထောင်စုဝန်ကြီး

ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန